Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၄ ခုနှစ်၊ ဇွန်လအကုန်မှ အစပြုပြီး မြန်မာနိုင်ငံရှိ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား ၆၅ ဦး ဖမ်းဆီးထိန်းသိမ်းခံနေရပြီး၊ လက်ရှိ ကာလတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၁၀၂ ဦးသည် ၎င်းတို့၏ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် တရားရင်ဆိုင်နေရပါသည်။

အစိုးရမှ နိုင်ငံရေးအကျဉ်းသား မရှိစေရန် လုပ်ဆောင်မည်ဟု ကတိကဝတ် ပေးထားသော်လည်း ၂၀၁၄ နှစ်စမှ ပျမ်းမျှ လစဉ် နိုင်ငံရေးအကျဉ်းသားအသစ် ၆ ဦး ထောင်ချခံရမှုတို့ နှင့်အတူ နိုင်ငံရေးအရ ဖမ်းဆီး ထိန်းသိမ်း အကျဉ်း ချမှုသည်လည်း ပုံမှန်အတိုင်း တိုးနေမြဲ ဖြစ်သည်။ အကယ်၍ လက်ရှိအနေအထား အတိုင်းသွားနေပြီး လက်ရှိတရား ရင်ဆိုင်နေရသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၁၀၂ ဦး ကိုပါ ထည့်သွင်းစဉ်းစားမည်ဆိုပါက ယခုနှစ် ၂၀၁၄ အကုန်တွင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံရေးအကျဉ်းသား အရေအတွက် အယောက် ၁၀၀ ကျော်သွားမည်ဖြစ်သည်။

## ဇွန်လ ၂၀၁၄ခုနှစ် မာတိကာ


- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကန့်သတ်တားမြစ်ချက်များ
- မြေယာသိမ်းဆည်းမှုများ
- သတင်းထဲမှ အေအေပီပီ
- အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

## တစ်လအတွင်း သုံးသပ်ချက်

၂၀၁၄ ခုနှစ်၊ ဇွန်လ အတွင်းတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၂၂ ဦး ဖမ်းဆီးခံခဲ့ရကာ၊ ၁၃ ဦး ထောင်ဒဏ်များ ချမှတ်ခံရပြီး၊ နိုင်ငံရေးအကျဉ်းသား ၂ ဦးမှာ ထောင်မှ လွတ်မြောက်ခဲ့ကြောင်း အေအေပီပီမှ သိရှိခဲ့ရပါသည်။ အစိုးရ၏ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီး ထောင် သွင်းအကျဉ်းချမှုဆိုသည့် ၄င်းတို့အသုံးပြုနေကျ နည်းလမ်းဟောင်းအတိုင်း ဆက်လက်ဖြစ်နေကြောင်းကို အထက်ပါကိန်းဂဏန်းများက သက်သေပြလျက် ရှိသည်။

ယခုလတွင် နိုင်ငံရေးလှုပ်ရှားမှုများအတွက် ဖမ်းဆီးမှုများရှိရုံမျှမက အငြင်းပွားဖွယ်ဖြစ်သော ဖမ်းဆီးအရေးယူမှုများလည်း တွေ့ရှိရပေသည်။လှူသိများလှသည့် မဟာသန္တိသုခဘုန်းကြီးကျောင်းတိုက် ဝင်ရောက်စီးနင်းမှုအပြီးတွင် သံဃာတော် ငါးပါးအား ရာဇသတ်ကြီး ဥပဒေပုဒ်မ၌ ပါရှိသော ဘာသာရေးပြစ်မှုများ ကျူးလွန်သည်ဟုဆိုကာ ဖမ်းဆီးလူဝတ်လဲ၍ တရားစွဲဆိုခဲ့သည်။ သို့ရာတွင် ထိုကဲ့သို့ ၄င်းသံဃာတော်ငါးပါးအား ရာဇသတ်ကြီးဥပဒေပုဒ်မများကို ချိုးဖောက်ကြောင်း တရားစွဲဆိုရန်မှာ အာဏာပိုင်များဘက်မှ ထိုသံဃာများ ၄င်းဥပဒေချိုးဖေါက်ကြောင်းကို တိကျသေချာသော အကြောင်းပြချက် ပေးနိုင်ခဲ့ခြင်း မရှိပေ။ ၄င်းအစား ထိုကဲ့သို့ ဖမ်းဆီးခြင်းမှာ ဘုန်းကြီးကျောင်း၏ ကျောင်းထိုင်ဆရာတော်နှင့် တိုင်းသံဃာ့ မဟာ နာယကတို့အကြား ဖြစ်ပွားခဲ့သော ပိုင်ဆိုင်မှုအငြင်းပွားမှု၏ အကျိုးဆက်ဖြစ်နိုင်ပေသည်။ သို့သော်လည်း ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသော သံဃာငါးပါးအား ဥပဒေချိုးဖောက်ကြောင်း ခိုင်မာတိကျသော စွဲချက်လျှောက်တင်နိုင်ခြင်း မရှိခဲ့သဖြင့် အများစုမှာ ထိုဖမ်းဆီးမှုသည် နိုင်ငံရေးအခြေခံ ဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ယုံကြည်လျှက်ရှိကြသည်။

အစိုးရအာဏာပိုင်တို့၏နိုင်ငံရေးသြဇာကြောင့် ဆက်လက်ဖြစ်နေသာ ဖမ်းဆီးမှုများအပေါ် ကြီးမားလာသော ဖိအားကြောင့် ဥပဒေပြုအဖွဲ့သည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မကို ပြင်ဆင်သည့် ဥပဒေအား ပြဌာန်းခဲ့ရပါသည်။ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်နိုင်ရန်အတွက် ခွင့်ပြုချက်တောင်းခံရဦးမည်ဖြစ်သော်လည်း ဥပဒေသစ်တွင် "ခွင့်ပြုမိန့်" ဟူသည့် စကားရပ်အား "ခွင့်ပြုချက်" ဟူသည့်စကားရပ်ဖြင့် ပြောင်းလဲအစားထိုးခဲ့သည်။ပြောင်းလဲပြင်ဆင်ချက်တွင် ငြိမ်းချမ်းစွာစုဝေးနိုင်ရန်အတွက် ခွင့်ပြုချက်တောင်းရာတွင် "ငြင်းပယ်ခွင့်"ဟူသည့် အပိုင်းနှင့် စကားစုအား ဥပဒေမှ ပယ်ဖျက်လိုက်ပြီးဖြစ်သည်။ထိုကဲ့သို့ "ငြင်းပယ်ခွင့်"ဟူသည့် အပိုင်းအား ပယ်ဖျက်လိုက်ခြင်းဖြင့် အာဏာပိုင်များမှ ပြည်သူများ၏ ခွင့်ပြုချက်တောင်းခံမှုအား ငြင်းပယ်မှုပြုသည်ကို အကြောင်းပြန်ကြားခြင်းနှင့် တဖန်ပြန်လည် လျှောက်ထားရမည့် နည်းလမ်းစသည့် အပိုင်းတို့ အားလည်း ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ခွင့်ပြုချက်မရရှိပဲ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းများ ပြုလုပ်ခြင်း ပုဒ်မ-၁၈၊ ခွင့်ပြုချက်ဖြင့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်း ပြုလုပ်သူများအား နှောင့်ယှက်ခြင်း သို့မဟုတ် ထိခိုက်စေခြင်း ပုဒ်မ-၁၇၊ သို့မဟုတ် ပုဒ်မ ၈/င၊ ၁၀၊ ၁၁ နှင့် ၁၂ တို့အား ချိုးဖောက်ခြင်း တွေ့ရှိပါက ၄င်းချိုးဖေါက်သူတို့အားပြစ်ဒဏ်ပေးရာတွင် ယခင်ပြစ်ဒဏ်၏ ထက် ဝက်သာ ခံယူရမည်ဖြစ်သည်။

သို့သော်လည်း လုပ်ထုံးလုပ်နည်းများမှာ အခြားသော ပြဌာန်းချက်များနည်းတူ နှောင့်နှေးလျှက်ပင်ဖြစ်သည်။

*ဇွန်လ ၂၅ ရက်၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်။*
*ဇွန်လ ၂၅ ရက်၊ ၂၀၁၄ ခုနှစ်၊ ဧရာဝတီ။*
*ဇွန်လ ၂၆ ရက်၊ ၂၀၁၄ ခုနှစ်၊ Andolu။*
*ဇွန်လ ၁၃ ရက်၊ ၂၀၁၄ ခုနှစ်၊ ဧရာဝတီ။*
*ဇွန်လ ၁၆ ရက်၊ ၂၀၁၄ ခုနှစ်၊ လွတ်လပ်တဲ့အာရှအသံ။*

**၈၈ မျိုးဆက်ပွင့်လင်းလူ့အဖွဲ့အစည်းပုသိမ်ပြန်ကြားရေးတာဝန်ခံ ဖမ်းဆီးခံရ**

***၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင်***ဧရာဝတီတိုင်းဒေသကြီးပုသိမ်မြို့တွင် ဗီဒီယို ရိုက်ကူးရေးလုပ်ငန်းလုပ်ကိုင်နေသည့် ဧရာဝတီတိုင်းဒေသကြီး ၊ ပုသိမ်မြို့ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၏ သတင်းပြန်ကြားရေးတာဝန်ခံဦးမြင့်ကိုတွင် ဗီဒီယိုလုပ်ငန်းလိုင်စင် မရှိသည့်အတွက်ဟုဆိုကာ မေလ ၃၀ ရက်နေ့တွင် ဖမ်းဆီးခံရကြောင်းပုသိမ် မြို့မရဲစခန်းထံမှ သိရသည်။ ယင်းသို့ ဖမ်းဆီးရာတွင် မှတ်တမ်းတင် ရိုက်ကူးရေးလုပ်ငန်းသုံးပစ္စည်းများအပြင် နေအိမ်အတွင်းရှိကွန်ပျူတာများကိုပါ သိမ်းဆည်းခဲ့ကြောင်းအဖမ်းခံရသည့် ဦးမြင့်ကိုမှပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးတွင် ဗီဒီယိုလုပ်ငန်းလိုင်စင် မရှိသဖြင့် တစ်ဦးတည်းသောဖမ်းဆီးခံရသူမှာဦးမြင့်ကို ဖြစ်နေကြောင်း၊ ယခင်တပ်မတော် အစိုးရလက်ထက်တွင် လည်း ရုပ်မြင်သံကြားနှင့် ဗီဒီယိုအက်ဥပဒေဖြင့် နိုင်ငံရေးဆောင်ရွက်သူများကိုထောင်ဒဏ် နှစ်ရှည်များချမှတ်ခဲ့သည့် အကြောင်းအရာများရှိခဲ့သဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်ကြောင်းဗီဒီယိုလုပ်ငန်းရှင် အသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။

*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့၊ မျိုးဆက်သစ် အင်တာနက်စာမျက်နှာ*

## မိုးထိမိုးမိဒေသရွှေလုပ်သားများထောင်ဒဏ်၉ လစီချမှတ်ခံရ

၂၀၁၄ ခုနှစ်၊ ဖွန်လ ၃၀ ရက်နေ့တွင် ရွှေလုပ်သားလေးဦးဖြစ်သော ***ကိုဝင်းအောင်၊ ကိုမင်းဇော်ဦး၊ ကိုမြင့်အောင်၊ ကိုအောင်ဆန်းလင်း နှင့် ၎င်းရွှေလုပ်သားတို့အရေး ကူညီလှုပ်ရှားသူ ကိုရာဇာတို့အား ရမည်းသင်းတရားရုံးမှ ဇန်နဝါရီလ၁၇ ရက်နေ့ ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သော ဆန္ဒပြပွဲအတွက် ပုဒ်မ ၅၀၅(ခ) ဖြင့် ထောင်ဒဏ် ၆ လ၊ ပုဒ်မ ၁၄၃ ဖြင့် ထောင်ဒဏ် ၃ လ၊စုစုပေါင်း ၉ လ***အမိန့်ချမှတ်လိုက်ပါသည်။

မိုးထိမိုးမိဒေသတွင်အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီနှင့်ရွှေလုပ်သားများသည်အကျိုးတူပူးပေါင်းလုပ်ကိုင်နေစဉ် ကုမ္ပဏီမှ ရွှေလုပ်သားများအားလုပ်ကိုင်ခွင့်ရပ်ဆိုင်းလိုက်သည့်အတွက်ဇန်နဝါရီလ ၁၇ ရက်နေ့ ၂၀၁၃ ခုနှစ်တွင် ဆန္ဒပြတောင်းဆိုခဲ့ကြခြင်းဖြစ်ပါသည်။ထိုဆန္ဒပြပွဲမှ ရွှေလုပ်သားခေါင်းဆောင် ၁၀ ဦးအားလွန်ခဲ့သောမေလတွင် နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ)ဖြင့် ရမည်းသင်းမြို့နယ် တရားရုံးမှ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁ နှစ်ခွဲ ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

*၂၀၁၄ ခုနှစ်၊ ဖွန်လ ၃၀ ရက်နေ့၊ လွတ်လပ်တဲ့အာရှအသံ*

## ကိုဇော်ဖေအယူခံဝင်

ပိုင်နက်ကျူးလွန်မှုနှင့် ပြည်သူ့ဝန်ထမ်းတစ်ဦးအား နှောင့်ယှက်မှုဖြင့် မေလတွင် ထောင်ဒဏ် ၁ နှစ် ချမှတ်ခံခဲ့ရသည့် ဒီဗွီဘီသတင်းထောက် ကိုဇော်ဖေသည် ၎င်း၏ပြစ်ဒဏ်အတွက် မကွေးတိုင်းတရားရုံးတွင် အယူခံဝင်ခဲ့ပါသည်။ ကိုဇော်ဖေ၏ေ ရှ့နေမှ ချမှတ်ထားသည့် ပြစ်ဒဏ်အားလျော့ပေါ့ခြင်းအပြင် ပြန်လွတ်လာနိုင်သည့်အထိမျှော်လင့်၍ရသည်ဟုအပြုသဘောဆောင် ပြောကြားသွားပါသည်။

*၂၀၁၄ခုနှစ်၊ ဖွန်လ ၂၅ ရက်နေ့၊ ဒီဗွီဘီ*

## ရွှေညဂ် တရားပွဲစီစဉ်သူကိုထောင်ဒဏ် တစ်လချမှတ်

ရွှေပြည်သာမြို့နယ်တွင် ရွှေည ဂါဆရာတော် ဦးပညာသီဟ၏ တရားပွဲစီစဉ်သူ***ဦးကျော်ဟိန်းအား ခွင့်ပြုချက်မယူဘဲ စီစဉ်ခဲ့သည်ဟုဆိုကာ မြို့နယ်တရားရုံးမှ ဒဏ်ငွေတစ်သောင်း (သို့မဟုတ်) ထောင်ဒဏ် တစ်လ ချမှတ်ခဲ့ပါသည်။***တရားပွဲအားစီစဉ်သူမှဒဏ်ငွေပေးဆောင်ခြင်းမပြုဘဲေ ထာင်ဒဏ် တစ်လသာကျခံခဲ့ပါသည်။

*၂၀၁၄ ခုနှစ်၊ ဖွန်လ ၂၄ ရက်နေ့၊ မဇ္ဈိမ*

## MDCFအဖွဲ့ဝင် နှစ်ဦးထောင်ဒဏ် ၆ လစီချမှတ်ခံရ

ပြည်ထောင်စုအစိုးရအား အယုံအကြည်မရှိကြောင်းစာရွက်များလိုက်ဝေခဲ့သည့်အတွက် ဒီမိုကရေစီအရေးစဉ်ဆက်မပြတ်လှုပ်ရှားမှုအဖွဲ့ ***MDCF မှ အဖွဲ့ ဝင် ကိုတင်မောင်ကြည်နှင့် ဦးဇော်ဝင်းတို့အား နိုင်ငံတော်အကြည်ညို ပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် မဂ်လာေ တာင် ညွန့်မြို့နယ် တရားရုံးမှ ထောင်ဒဏ် ၆ လစီ ချမှတ်***လိုက်ပါသည်။

*၂၀၁၄ ခုနှစ်၊ ဖွန်လ ၂၄ ရက်နေ့၊ လွတ်လပ်တဲ့အာရှအသံ*

## မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ယူနတီဂျာနယ်အတွက် သက်သေထွက်ဆို

ဖွန်လ ၁၈ ရက်နေ့၌ မြန်မာနိုင်ငံသတင်းစာဆရာအသင်းအဖွဲ့ဝင်များမှ မကွေးတိုင်းပခုက္ကူခရိုင် ပေါက်မြို့နယ်မှကာကွယ်ရေးပစ္စည်းစက်ရုံ အမှတ် ၂၄ အကြောင်းအား လျှို့ဝှက်ဓါတုလက်နက်စက်ရုံဟူသည့်ခေါင်းစည်းဖြင့်ရေးသားဖေါ်ပြခဲ့သဖြင့်နိုင်ငံ တော်လျှို့ဝှက်ချက်ပေါက်ကြားမှု ပုဒ်မဖြင့်တရားစွဲဆိုခံထားရသောယူနတီဂျာနယ် အမှုအတွက် တရားခံပြသက်သေအဖြစ် ထွက်ဆိုစဉ်တွင် သတင်းလွတ်လပ်ခွင့်၏ အရေးပါပုံအားပြောကြားခဲ့ပါသည်။
မြန်မာနိုင်ငံသတင်းစာဆရာအသင်းနာယကသတင်းစာဆရာကြီး ဖိုးသောကြာမှ လူထုအားထိုစက်ရုံအကြောင်းပွင့်ပွင့်လင်းလင်းသတင်းပေးသင့်ကြောင်းနှင့် ယူနတီသတင်းဂျာနယ်မှ ၎င်းကဲ့သို့ ဖော်ပြခဲ့ခြင်းသည် သတင်းရေးသားခဲ့ခြင်းသာဖြစ်ပြီးနိုင်ငံတော်အားဒုက္ခပေးလို၍မဟုတ်ကြောင်း အစိုးရမှ စဉ်းစားသင့်သည်ဟုထွက်ဆိုခဲ့ပါသည်။

*၂၀၁၄ ခုနှစ်၊ ဖွန်လ ၁၈ ရက်နေ့၊ ဒီဗွီဘီ*

## ကိုထင်ကျော် ထောင်ဒဏ် ချမှတ်ခံရခြင်း

***၂၀၁၄ ခုနှစ်၊ ဖွန်လ ၄ ရက်နေ့တွင်၊*** ကျောက်တံတားမြို့နယ် တရားရုံးမှ ဒီမိုကရေစီအရေး စဉ်ဆက်မပြတ်လှုပ်ရှားမှု အဖွဲ့ ခေါင်းဆောင် ***ကိုထင်ကျော်ကို တရားမဝင် စီတန်းလှည့်လည်ခြင်းဆိုင်ရာပုဒ်မ၁၈ နှင့် ထောင်ဒဏ် ၃ လ ချမှတ်ခဲ့ပါသည်။*** ပြီးခဲ့သော ဖေဖော် ဂါရီလတွင် လှည်းကူးမြို့နယ် သမီးကလေးကျေးရွာအား တိုင်းဒေသကြီးအစိုးရမှ ကျူးကျော်အဖြစ် သတ်မှတ်ပြီး ဂင်ရောက်ဖျက်ဆီးခဲ့သည့်အတွက် ကို ထင်ကျော်သည်ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် ဆန္ဒပြကန့်ကွက်ခဲ့ပါသည်။

ဆန္ဒပြခွင့်ကို မြို့နယ်ရဲတပ်ဖွဲ့မှေ ပးခဲ့သော်လည်း ဆန္ဒပြနေချိန် တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးမှ ခွင့် မပြုကြောင်း ပြောပြီးဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု အမိန့်ချအပြီးတွင် ကိုထင်ကျော်မှ ပြောခဲ့ပါသည်။

***ဖွန်လ ၂၃ ရက်နေ့တွင်လည်း*** ဒီမိုကရေစီရေးစဉ်ဆက်မပြတ် လှုပ်ရှားမှု အဖွဲ့ ခေါင်းဆောင် ***ကိုထင်ကျော်အား နိုင်ငံတော် အကြည် ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် တောင်ဥက္ကလာပမြို့နယ် တရားရုံးမှ ထပ်မံပြီး ထောင်ဒဏ် ၆ လ အမိန့်ချမှတ်ခဲ့ပါသည်။***ဖွန်လ ၅ ရက်နေ့တွင်တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးရှေ့တွင် ပြည်ထောင်စုအစိုးရ နုတ်ထွက်ပေးရန် စာရွက်များဝေငှခဲ့သည့်အတွက် တရားစွဲခံထားရသည့်အမှုအားစီရင်ချက်ချမှတ်လိုက်ခြင်း ဖြစ်ပါသည်။
ကိုထင်ကျော်အား တောင်ဥက္ကလာပမြို့နယ်အပြင် ကျောက်တံတား၊ တောင်ဒဂုံ၊ မြောက်ဒဂုံနှင့် ဒဂုံဆိပ်ကမ်းစသည့် မြို့နယ် ၁၀ မြို့နယ်မှလည်း နိုင်ငံတော် အကြည်ညို ပျက်စေမှု ပုဒ်မ ၅၀၅ (ခ)ဖြင့်တရားစွဲထားပါသည်။

*၂၀၁၄ ခုနှစ်၊ ဖွန်လ ၄ ရက်နေ့၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၄ ခုနှစ်၊ ဖွန်လ ၂၃ ရက်နေ့၊ လွတ်လပ်တဲ့ အာရှအသံ*

**ဦးမလိတန် ထောင်ဒဏ် ထပ်မံချမှတ်ခံရခြင်း**

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် ၊ အမတ်ကြီးကုန်းကျေးရွာမှ ကချင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမလိတန်ကို ဗန်းမော်ခရိုင် ***တရားရုံးမှဇွန် ၁၀ ရက်နေ့ တွင် လက်နက်ကိုင်ဆောင်မှု၊ ပေါက်ကွဲမှုပုဒ်မများနှင့် ထောင်ဒဏ် ၂၂ နှစ် ထပ်မံချမှတ်လိုက်ပါသည်။***ဦးမလိတန်သည် ပြီးခဲ့သော ၂၀၁၂ မေလ လယ်ယာမှ အပြန်တွင် ခလရ ၁၂၁ တပ်ရင်းနှင့်ကြုံတွေ့ခဲ့ပြီးစစ်တပ်မှ စစ်ဆေးရာ ရုံးတံဆိပ်တုံးများနှင့် ရုံးသုံးစာရေးကိရိယာအချို့တွေ့သည့်အတွက် သူ့အားဖမ်းဆီးသွားခဲ့ပါသည်။ ၎င်းအားလမ်းတွင် မြေမြှုပ် ဗုံးပေါ က်ကွဲမှု ဖြစ်ပွားခဲ့သည့်အတွက် စစ်တပ် မှကန်ကျောက်၊ ထိုး၊ ရိုက်နက်ခဲ့ ကာ ကျောက်ကြီးကျေးရွာအရောက်တွင်ရဲစခန်းသို့ပို့ပြီးပုဒ်မ ၁၇/၁ နှင့်တရားစွဲဆိုပြီး ရွှေကူတရားရုံးမှာထောင်ဒဏ် ၂ နှစ်ချမှတ်ခဲ့ပါသည်။

၎င်း၏ရှေ့နေဒေါ်ထန်ကိုင်နော်မှ "ဗန်းမော်ခရိုင်တရားရုံးကနေပြီးသူ့ကို ၁၉၅၁ ခုနှစ် လက်နက်ကိုင်ဆောင်မှု အက်ဥပဒေပုဒ်မ ၁၉ (က)နဲ့ ၁၉၈၂ ဖောက်ကွဲ ပုဒ်မ (၃) ၄ (ခ)နဲ့ သူ့ကိုတရားစွဲဆိုထားတယ်။ ဒီနေ့ကအမိန့်ချတဲ့ နေ့ပါ။ ၁၉ (က) အရအလုပ်နဲ့ ထောင်ဒဏ် ၅ နှစ်ချမှတ်ပါတယ်။ ဖောက်ကွဲ (၃)မှာ ၁၀ နှစ် ဖောက်ကွဲ ၄ (ခ) မှာ၇ နှစ် သီးခြားစီချမှတ်လိုက်တယ်"ဟုရှင်းလင်းပြောကြားကာဆက်လက်ပြီးဦးမလိတန်၏အခွင့်အရေးအတွက် တိုင်းအဆင့်နှင့် လွှတ်တော်အဆင့်အထိပါ အယူခံတက်သွားမည် ဟုပြောကြားခဲ့ပါသည်။

*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့၊ ဒီဗွီဘီ*

**ကချင်စစ်ရှောင်ဒုက္ခသည်၃ ဦးထောင်ဒဏ်များထပ်မံချမှတ်ခံရခြင်း**

မတရားအသင်းဆက်သွယ်မှုနှင့် ကချင်ပြည်နယ် မြစ်ကြီးနားထောင်တွင် ထောင်ဒဏ်ချမှတ်ခံထားရသောကချင်စစ်ရှောင် ဒုက္ခသည် ၃ ဦးအား မြစ်ကြီးနားခရိုင်တရားရုံးမှ ဧ ပါက်ကွဲမှုပုဒ်မများနှင့် ထပ်မံပြီး နှစ်ရှည်ထောင်ဒဏ်များ ***၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ချမှတ်လိုက်ပါသည်။ ဦးလဖိုင်ဂမ်အားထောင်ဒဏ် ၁၃ နှစ်၊ ဦးဘရန်ရှုန်းအားထောင်ဒဏ် ၁၄ နှစ်နှင့် ဦးလရိန်အားထောင်ဒဏ် ၃ နှစ် အသီးသီးချမှတ်လိုက်ခြင်း ဖြစ်ပါသည်။***

ထောင်ဒဏ်အမိန့်ချမှတ်မှုနဲ့ပတ်သက်ပြီး တရားခံရှေ့နေဦးမာခါးမှ "ဘရန်ရှုန်းကိုအမှု ၄ မှုနဲ့ ထောင်ဒဏ် ၁၄ နှစ်၊ လဖိုင်ဂမ်က ၁၃ နှစ်၊ လရိန်ကထောင်ဒဏ် ၃ နှစ်။ ဘရန်ရှုန်းနဲ့ လဖိုင်ဂမ် ၂ ယောက်ကထောင်ဒဏ် ၇ နှစ် ချမှတ် ခံထားရပြီးသား။ လရိန်ကထောင်ဒဏ် ၂ နှစ် ချမှတ် ခံထားရပြီးသား ၁၇ (၁)အမှုပေါ့နော်"ဟုရှင်းပြခဲ့ပါသည်။ ထိုသူများသည် အစိုးရတပ်မတော်နှင့်ကချင်လွတ်လပ်ရေးအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားသည့်အတွက် ၂၀၁၂ ခုနှစ်ကာလ၊ မြစ်ကြီးနားမြို့ရှိ နှစ်ခြင်းအသင်းတော်တခုတွင်လာရောက်ခိုလှုံရင်းဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

*၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၊ ဒီဗွီဘီ*

## ထောင်မှလွတ်မြောက်မှုများ နှင့် ထောင်တွင်းအခြေအနေများ

ဇန်နဝါရီလတွင် လယ်သမားများ၏ ဆန္ဒထုတ်ဖော်ပွဲတစ်ခုအား စီစဉ်ပေးခဲ့သော တက်ကြွလှုပ်ရှားသူ နှစ်ဦးဖြစ်သည့် ကိုနေမျိုးဇင်နှင့် ကိုဝင်းချိုတို့သည် အင်းစိန်ထောင်တွင် ၈၄ ရက်ကြာထောင်ကျခံရပြီးနောက် ပြန်လည် လွတ်မြောက်ခဲ့ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ ဒီဗွီဘီ*
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

ယခု ဇွန်လ နှင့် ပတ်သက်သော ထောင်တွင်း အခြေအနေများနှင့် ပတ်သက်ပြီး အေအေပီပီမှ သိရှိထားခြင်း မရှိပါ။

**ချင်းပြည်နယ်တွင် ဆန္ဒပြခဲ့ကြသည့် အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူများ တရားစွဲခံရခြင်း**

ချင်းပြည်နယ် မတူပီမြို့တွင် ခွင့်ပြုချက်မရရှိဘဲ ဆန္ဒပြခဲ့သည့် ချင်းခေါင်းဆောင် ၄ ဦးကို မြို့နယ်ရဲစခန်းမှ ခေါ်ယူစစ်ဆေးပြီး ပုဒ်မ ၁၈ နှင့် တရားစွဲခဲ့ပါသည်။အမျိုးသမီးများ အကြမ်းဖက်ခံရမှု ပပျောက်ရေးနှင့် အမျိုးသမီးအခွင့်အရေးများ အတွက် ဇွန်လ ၂၄ ရက်နေ့တွင် ဦးဆောင်ဆန္ဒပြခဲ့ကြသော အမျိုးသမီးခေါင်းဆောင် ဒေါ်ထန်ဇ င်း၊ ဒေါ်ခင်လွှေပါးရ်နှင့် မတူပီချင်း လူငယ်အဖွဲ့မှ ကိုမောင်းဟန်၊ ကိုတိတ်မန်းတို့ ၄ ဦးအား မတူပီရဲစခန်းမှ တရားစွဲလိုက်ခြင်းဖြစ်ကြောင်း ချင်းအမျိုးသမီးအဖွဲ့ ပြောခွင့်ရ မိုင်အဲလီမှ ပြောပါသည် ။"သူတို့ကို ကိုယ်ရေးရာဇဝင် စစ်ချက် အကုန်လုံး ယူတယ်။ ဥပဒေအရ ခွင့်မပြုပဲ ဆန္ဒပြခဲ့တဲ့အတွက်ကြောင့် တရားစွဲမယ်။ တရားရုံးက ခေါ်လိမ့်မယ်၊ တရားရုံးကနေပဲ အမိန့်ချမယ်လို့ ပြော တယ်တဲ့။ ရဲမှူးက ဘာမှမကြောက်ပါနဲ့လို့ပြောတယ်။ ဒါပေမယ့် ဒဏ်ငွေတော့ ဆောင်ရမယ်လို့ ပြောတယ်တဲ့။"

သူတို့အား စခန်းမှူး၊ ဒုရဲမှူးအပါအ ဝင် ရဲအရာရှိ ၄ ဦးမှ လူစုခွဲကာ သပ်သပ်စီ စစ်ဆေး ခဲ့ကြောင်း၊ ဆန္ဒပြရခြင်းအကြောင်း၊ နောက်ကွယ်တွင် ကြိုးကိုင်သူရှိမရှိ၊ ကိုယ်ရေးရာဇ ဝင် စသည် များကို နေ့ခင်း ၁၂ နာရီမှ ညနေ ၅ နာရီထိ ခေါ်ယူစစ်ဆေးခဲ့ပြီး အမျိုးသမီး၂ ဦးအား အာမခံနှင့် ပြန်လွှတ်ပေးသည်ဟု သိရှိရပါသည်။ ကျန်အမျိုးသား ၂ ဦး၏ သတင်းမှာ အကျဉ်းထောင်အတွင်း ဆက်လက်ထိန်းသိမ်းခံနေရကြောင်း (သို့မဟုတ်) လွတ်မြောက်ကြောင်း ရှင်းလင်းစွာ မသိရှိရပါ။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဒီဗွီဘီ*

**အဲန်အယ်ဒီပါတီ ရန်ပုံငွေ အတွက် ဂီတဖျော်ဖြေပွဲ ဦးဆောင်ကျင်းပသူ တရားစွဲခံရ**

ပါတီရန်ပုံငွေရှာဖွေရန် ဂီတဖျော်ဖြေပွဲ ကျင်းပရာတွင် ခွင့်ပြုချက်မတောင်းခဲ့ဟုဆိုကာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ရှိန်အား အင်းစိန်မြို့နယ်ဖော့ကန်ရပ်ကွက် အုပ်ချုပ်ရေးမှူးမှ တရားစွဲဆိုလိုက်ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**ပြည်တွင်းသတင်းဂျာနယ်များ စုံစမ်းစစ်ဆေး ခံရခြင်း**

ပြည်တွင်းထုတ် သတင်းဂျာနယ်တ ချို့၏ ငွေကြေး လည်ပတ်မှုများနှင့် ပတ်သက်ပြီး ဂျာနယ်တိုက် တာ ဝန်ရှိသူ တစ်ချို့အား အထူးသတင်းတပ်ဖွဲ့မှ ခေါ်ယူမေးမြန်းနေသည်ဟု သိရပါသည်။

"ငွေကြေးလည်ပတ်ပုံကို ေ ခါ်ယူပြီးမေးတယ်ဆိုတာ ဒါကျနော်တို့ တစ်ခါမှလည်းမကြားဖူးဘူးပေါ့နော် ဘာကြောင့်မေးတာလည်း ကျနော်တို့ ပြန်မေးလိုက် တယ်၊ သူကအထက်အမိန့်အရလို့ သူကပြောပါတယ် အထက်အမိန့်အရဆိုတော့ ဘယ်လိုအထက်အမိန့် အရလည်းဆိုတာ **ထပ်မေးတော့ သူတို့ ပြောပိုင်ခွင့်မရှိပါဘူးဆိုပြီးေ တာ့ အဲ့အတိုင်းပြောသွားတယ်၊" ဟု** မြန်မာပို့စ်ဂျာနယ်၏ ငွေကြေးလည်ပတ်မှုနှင့် ပတ်သက်ပြီး အစစ်ဆေးခံရန်အကြောင်းကြားခံထားရသော မြန်မာပို့စ်ဂျာနယ် တာဝန်ခံအယ်ဒီတာ ကိုဇော်မင်းနိုင်မှ ပြောခဲ့ပါသည်။ ထိုသို့ေ ခါ်ယူမေးမြန်းရာတွင် ဂျာနယ်တစ်စောင်ထုတ်ဝေလျှင် လူအင်အား ငွေအင်အား မည်မျှသုံးရသည် ဆိုတာမျိုးကို အလွတ်သဘောမျိုးမေးမြန်းခြင်းဖြစ်ပြီး ဂျာနယ်တိုက်တစ်ချို့၏ ငွေထုတ်ပေးနေသူများသည် အစိုးရအဖွဲ့ဝင်များနှင့် ပတ်သက်သူ ဟုတ်/မဟုတ် စသည်တို့ကို မေးမြန်းခြင်းများလည်း ရှိသည်ဟု သိရှိရပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**အဲန်အယ်ဒီ မှ ဟောပြောခွင့် တောင်းဆိုမှု ငြင်းပယ်ခံရခြင်း**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ခရိုင်အားကစားကွင်းတွင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး ဟောပြောပွဲအတွက် ခွင့်ပြုချက် တောင်းခံခြင်းအား နေပြည်တော် အားကစား ဦးစီးဌာန ညွှန်ကြားရေးမှူးမှ ခွင့်ပြုချက် မပေးနိုင်ကြောင်း အကြောင်းပြန်ခဲ့ပါသည်။ ထိုအားကစားကွင်းအား အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့ ပူးပေါင်း၍ ဇွ န်လ ၃၀ ရက်နေ့တွင် ကျင်းပမည့် ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ဟောပြောပွဲအတွက် ခွင့်ပြုချက် တောင်းခံထားခြင်း ဖြစ်ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန် ၂၃ ရက်၊ လွတ်လပ်တဲ့အာရှအသံ*

**ဖမ်းဆီးထိန်းသိမ်း ခံရစဉ်အတွင်း ကိုထင်ကျော် ဆန္ဒပြ သပိတ်မှောက်ခြင်း**

ဒီမိုကရေစီရေး စဉ်ဆက်မပြတ် လှုပ်ရှားမှုအဖွဲ့ခေါင်းဆောင် ကိုထင်ကျော်သည် မြောက်ဥက္ကလာပ မြို့နယ်တရားရုံးတွင် နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် ရုံးထုတ်စစ်ဆေးစဉ် တရားရုံးအား သပိတ်မှောက်ဆ န္ဒပြခဲ့ပါသည်။ ကိုထင်ကျော်သည် တရားစီရင်ရေးအရ နိုင်ငံသားများအပေါ်တွင် လူ့အခွင့်အရေး ချိုးဖေါက်ခြင်းဖြစ်သောကြောင့် တရားရုံးအရှေ့တွင် ပက်လက်လှန်ကာ တရားရုံးထုတ်ခြင်းအား သပိတ်မှောက်ကြောင်း ကြေညာခဲ့ခြင်း ဖြစ်ပါသည်။ တာဝန်ရှိသူများမှ ကိုထင်ကျော်အား မျက်ကွယ်ရမာန် နောက်ထပ်တစ်ကြိမ်ယူကာ ရုံးမထုတ်ခဲ့ပဲ ၂၈ ရက်ကြာ ထိန်းသိမ်းခဲ့သဖြင့် ထိုသို့ဆန္ဒပြခဲ့ခြင်း ဖြစ်ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**မြစ်ကြီးနားမြို့ အဲန်အယ်ဒီ ဥက္ကဋ္ဌ တရားစွဲခံရခြင်း**

မြစ်ကြီးနားမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ***ဦးအက်စ်ကူးမားအား*** ခွင့်ပြုချက်မရှိပဲ ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ဟောပြောပွဲ ***ကျင်းပမှုဖြင့် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် အမှတ် ၂ ရဲစခန်းမှ ပုဒ်မ ၁၈ နှင့် အမှုဖွင့်လိုက်ပါသည်။*** ၎င်းပွဲအား ဇွန်လ ၁၄ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် City Park Royal စားသောက်ဆိုင်တွင် ကျင်းပမည့်အကြောင်းကို ပြည်နယ်၊ မြို့နယ်၊ ခရိုင် ရွေးကောက်ပွဲ ကော်မရှင် ရုံးခွဲများနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများအား အကြောင်းကြားခဲ့ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ လွတ်လပ်တဲ့အာရှအသံ*

**ပြည်အန်အယ်လ်ဒီမှ ဟောပြောပွဲကျင်းပရန် တောင်းဆိုမှု အငြင်းခံရ**

ပြည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်သန်းထွန်း၏ အဆိုအရ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၃၆ ပြင်ဆင်ရေးဟောပြောပွဲ ကျင်းပခွင့်ပြုရန်

၎င်း၏ ဒုတိယမြောက် တောင်းဆိုချက်မှာ အငြင်းပယ်ခံခဲ့ရသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ မဇ္ဈိမ*

## အဲန်အယ်ဒီအတွင်းရေးမှူး တရားစွဲခံရ

မကွေးတိုင်းဒေသကြီး ***အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အတွင်းရေးမှူး ဦးနေမျိုးကျော်အား ကန်သာရပ်ကွက် အုပ်ချုပ်ရေးမှူးမှ ခွင့်ပြုချက်မရှိပဲ အသံချဲ့စက် အသုံးပြုခြင်းကြောင့် ပုဒ်မ ၂၇ နှင့် ဇွန်လ ၁၇ ရက်နေ့တွင်*** မကွေးမြို့နယ် တရားရုံး၌ တရားစွဲဆိုလိုက်သည် ဇွန်လ ၉ ရက်နေ့၌ မကွေးမြို့ ကန်သာရပ်ကွက်တွင် ကျင်းပသော ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ဟောပြောပွဲအတွက် အသံချဲ့စက်အား အသုံးပြုခဲ့ခြင်း ဖြစ်သည်။ ဟောပြောပွဲအား အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့မှ ပူးပေါင်း၍ကျင်းပခြင်း ဖြစ်သည်။ သက်ဆိုင်ရာအား ဟောပြောပွဲအတွက် ခွင့်ပြုချက်တောင်းခဲ့သော်လည်း မရရှိခဲ့ပေ။ ပြစ်မှုထင်ရှားပါက ဦးနေမျိုးကျော်သည် ထောင်ဒဏ် ၇ ရက် သို့မဟုတ် ဒဏ်ငွေ ၅၀၀၀ ကျပ်အထိ ကျခံနိုင်သည်ဟု သိရပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## ဆန္ဒပြခေါင်းဆောင် တရားစွဲခံရခြင်း

***ဇွန်လ ၁၆ ရက်နေ့တွင် ပြင်ဦးလွင်၌ လယ်သမား ၁၅၀ နှင့် ကျင်းပသော ဆန္ဒပြပွဲအား ဦးဆောင်ခြင်းကြောင့် မစုစုနွေးအား ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုလိုက်သည်။*** စုစုနွေးသည် တောင်သူလယ်သမား သမဂ္ဂ၏ ဖြစ်မြောက်ရေး တာဝန်ခံဖြစ်ပြီး စစ်တပ်မှသိမ်းယူထားသော လယ်ယာမြေများအား ပြန်ရရေးအတွက်ဆန္ဒပြပွဲအား ကျင်းပခဲ့ခြင်းဖြစ်သည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ ဘီဘီစီ*

## အဲန်အယ်ဒီ အဖွဲ့ဝင်များ ပါတီဆိုင်းဘုတ် ဖယ်ရှားပေးရန် ဖိအား ပေးခံရခြင်း

စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသ နန်းယွန်းနဲ့ လဟယ်မြို့နယ်အစပ် ဒုံမီးမြို့နယ်အတွင်းရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ရပ်ကျေးရုံး ပါတီဆိုင်းဘုတ်များအား ဖြုတ်ချရန် ပြီးခဲ့သည့် မေလကုန်မှစ၍ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအုပ်ချုပ်ရေးအဖွဲ့မှ ညွှန်ကြားလိုက်သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ဦးလောရုံ၏ အဆိုအရ မိမိတို့အိမ် များ၌ ပါတီရုံးလက်ခံဖွင့်လှစ်ထားသော အိမ်ပိုင်ရှင်များအား လက်ခံဖွင့်ခွင့်မပြုရန် ဖိအားပေးခြင်းများရှိသည်ဟု သိရှိရသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## ရှမ်းပြည်နယ်တွင် အဲန်အယ်ဒီအဖွဲ့ဝင်များအား ရှမ်းပြည်နယ်အာဏာပိုင်များမှ ခြိမ်းခြောက်ခြင်း

ရှမ်းပြည်နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်တစ်ဦးအားဒေသခံအာဏာပိုင်အစိုးရမှ ပါတီရုံးရှေ့တွင်တပ်ဆင်ထားသောဆိုင်းဘုတ်အား မဖြုတ်ပါက ၎င်း၏နေအိမ်နှင့် ပိုင်ဆိုင်သောပစ္စည်းများအား မီးရှို့ပစ်ရုံမျှမက အသက်ပင်အန္တရာယ်ရှိနိုင်သည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ ဒီဗွီဘီ*

## *ပဲခူးတိုင်းတွင် ဆန္ဒပြခွင့် မရရှိခြင်း*

ပဲခူးတိုင်းဒေသ၏ အုပ်ချုပ်ရေးမှူးမှ ပဲခူးတိုင်းဒေသတွင် သက်မှတ်ထားသော မြို့တွင်းနေရာများတွင် စီတန်းလှည့်လည်ဆန္ဒပြသခွင့် ပိတ်ပင်မှုအား ရုတ်သိမ်းရန် အစီအစဉ်မရှိပါကြောင်း ပြောကြားခဲ့ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ ဒီဗွီဘီ*

## ကျောင်းသားများ နိုင်ငံရေးလုပ်ဆောင်ခြင်းမှ တားမြစ်ခံရခြင်း

ဇွန်လ ၉ ရက်နေ့တွင် နည်းပညာနှင့် အသက်မွေးဝမ်းကြောင်းဦးစီးဌာနမှ ကြီးမှူးသော အစိုးရနည်းပညာတက္ကသိုလ်မှ ကျောင်းသားများအား နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ကြောင်းတွေ့ရှိရပါက ကျောင်းမှထုတ်ပစ်သည်အထိ အပြစ်ပေးနိုင်ဖွယ်ရှိကြောင်း ထုတ်ပြန်ပြောကြားခဲ့ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၄ ခုနှစ်၊ ဇွန် ၁၆ ရက်၊ ဧရာဝတီ*

## ယခင်နိုင်ငံရေးတက်ကြွ လှုပ်ရှားခဲ့သူများ နာမည်ပျက် စာရင်းသွင်းခံရခြင်း

အမေရိကန်နိုင်ငံသားအဖြစ်ခံယူထားသူ ၈၈ မျိုးဆက်ကျောင်းသားများ အုပ်စု၏ ခေ ကျောင်းသားခေါင်းဆောင်ဟောင်း ကိုမိုးသီးဇွန်၊ သူရိယနေဝန်းဂျာနယ်မှ ကိုမိုးဟိန်း၊ ၎င်း၏ဇနီးသည်နှင့် ၅နှစ်သားအရွယ် ၎င်းတို့၏သား ဝါရှင်တန်အလက်ဇန်းဒါးတို့အား နာမည်ပျက်စာရင်းသွင်းလိုက်ကြောင်း လူဝင်မှုကြီးကြပ်ရေးန ငှ့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ စာထုတ်ပြန်ခဲ့သည်။ ၎င်းတို့သည် မြန်မာပြည်သို့ပြန်လာကာ နိုင်ငံရေးလုပ်မည်ဟု ကြေညာထားသူများဖြစ်ပြီး ယခုအခါ နောက်ထပ် ပြည်ဝင်ခွင့် မရရှိကြတော့ပေ။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့၊ ဧရာဝတီ*

## ဆန္ဒပြခဲ့သည့်အတွက် လယ်သမား၅ ဦး တရားစွဲခံရကာ ဖမ်းဆီးခံခဲ့ရခြင်း

ဇွန်လ ၈ ရက်နေ့မှ စတင်ခဲ့သော ကန့်ဘလူမြို့နယ်၊ မြေမွှန်ကျေးရွာတွင်ပြုလုပ်သော ထွန်တုံးတိုက်ပွဲတွင် ပါဝင်ခဲ့သည့် လယ်သမား ***၅ဦးအား ရဲစခန်းမှ ပုဒ်မ ၄၄၇ နှင့် ဇွန်လ ၉ရက်နေ့တွင် အမှုဖွင့်ခဲ့ပါသည်။*** ထွန်တုံးတိုက်ပွဲ၏ ရည်ရွယ်ချက်မှာ စစ်တပ်မှ ၁၉၉၁ တွင်သိမ်းယူခဲ့သော မြေဧက ၅၀၀ အနက် ပြန်ပေးရန်ကျန်ရှိနေသော မြေဧက ၃၀၀ အား ပြန်လည်ရယူလို၍ ဖြစ်သည်။ ၎င်းတို့ ၅ဦးအား ထိုနေ့တွင်ပင် အာမခံဖြင့် ပြန်လည်လွှတ်ပေးခဲ့သည်။ ထွန်တုံးတိုက်ပွဲအား ၃ရက်တိုင် ကျင်းပခဲ့သည်။

*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့၊ ဒီဗွီဘီ*

## ဈေးဆိုင်ပိုင်ရှင် တစ်ဦးမှ ၎င်း၏ဆိုင်သိမ်းဆည်းခံရသည့်အတွက် သတင်းစာရှင်းလင်းပွဲ ကျင်းပခြင်း

အသိမ်းခံထားရသော ဈေးချိုစီရုံ မြေညီထပ်ရှိ ဆိုင်ခန်းနံပါတ် ၉ အားပြန်လည်ရယူလိုကြောင်း ၎င်းဆိုင်ပိုင်ရှင်မှ ဇွန်လ ၁ရက်နေ့တွင် သတင်းမီဒီယာရှင်းလင်းပွဲ ပြုလုပ်ပြောကြားခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ဦးဘစိုး၏ ဆိုင်ခန်းအား ဗိုလ်မှူးမောင်ဦးမှ အမိန့်စာနှင့်သိမ်းကာ သိမ်းရသည့်အကြောင်းရင်းမှာ ဆိုင်ရှေ့တွင် အန်အယ်လ်ဒီ

အလံကပ်တားသဖြင့်ဟု ဆိုသည်။ ဆိုင်ပိုင်ရှင်နှင့် ၎င်း၏ မိသားစုသည် အန်အယ်လ်ဒီအဖွဲ့ဝင်များ ဖြစ်ကြသည်။
[၂၀၁၄ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဒီဗွီဘီ]

## အဲန်အယ်ဒီမှ ဟောပြောပွဲ ပြုလုပ်ရန် ခွင့်တောင်းမှုအား ငြင်းပယ်ခံရခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်းတို့ ပူးပေါင်း၍ ဇွန်လ ၂ ရက်နေ့တွင် ချင်းပြည်နယ် ဟားခါးမြို့ 'ကာဆင်ဟော' ၌ ကျင်းပမည့် ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ဟောပြောပွဲ နေရာအား ပြည်နယ်အစိုးရမှ ခွင့်ပြုချက်မပေးခဲ့သည့်အတွက် ပွဲအားနေရာပြောင်း၍ ကျင်းပခဲ့ရသည်။

ထိုနည်းတူပင်၊ မကွေးမြို့တွင်ဇွန်လ ၉ရက်နေ့၌ ကျင်းပမည့် ၄၃၆ ပြင်ဆင်ရေး လူထုဟောပြောပွဲအား အာဏာပိုင်မှ ခွင့်ပြုချက်မပေးခဲ့သည့်အပြင် ပြင်ဆင်ထားသည်များကိုပါ ဖျက်ပြစ်မည်ဟု ခြိမ်းခြောက်မှုပြုခဲ့သည်။
[၂၀၁၄ ခုနှစ်၊ ဇွန်လ ၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ]
[၂၀၁၄ ခုနှစ်၊ ဇွန်လ ၇ ရက်၊ ဒီဗွီဘီ]

## စဥ့်ကိုင်ဒေသမှ ဆန္ဒပြသူများ ဖမ်းဆီးကာ တရားစွဲဆိုခံရခြင်း

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့ရှိ ကံကောင်းခြင်း ရတနာသစ်အချောထည်စက်ရုံမှ အလုပ်သမား ၁၂ယောက်သည် ဆန္ဒပြပွဲတွင်ပါဝင်မှုကြောင့် ပုဒ်မ ၅၀၅(ခ) ရုန်းရင်းဆန်ခတ်မှု ပုဒ်မ ၁၄၇ တို့ဖြင့် တရားအစွဲခံထားရပါသည်။ အလုပ်သမား ၇၀၀ကျော်သည် ဇွန်လ ၆ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး အစိုး ရအဖွဲ့ရုံးသို့ ချီ တက်လာစဥ် စဥ့်ကိုင်မြို့အထွက်တွင် ရဲတပ်ဖွဲ့မှ တားဆီးခဲ့တဲ့အတွက် ၎င်းနေရာတွင်ပင် ယာယီ သပိတ်စခန်း ဖွင့်လှစ်ခဲ့ပါတယ်။ သပိတ်စခန်းပိတ်၍ အလုပ်ရှင်ဆီမှ နစ်နာကြေးယူပါက တရားစွဲဆိုမှုအားရုတ်သိမ်းမည်ဟု နယ်စပ် လုံခြုံရေးနဲ့ ကာကွယ်ရေးဝန်ကြီးမှ ပြောကြားခဲ့သည်။
[၂၀၁၄ခုနှစ်၊ ဇွန်လ ၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ]
[၂၀၁၄ ခုနှစ်၊ ဇွန်လ ၇ ရက်၊ ဒီဗွီဘီ]
[၂၀၁၄ ခုနှစ်၊ ဇွန်လ ၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ]

*၂၀၁၄ ခုနှစ်၊ ဖွန်လ တွင် နိုင်ငံရေးအကျဉ်းသားများအပေါ် ကန့်သတ်တားမြစ်ချက်များ ရှိမရှိအား မိမိတို့အေအေပီပီမှ သိရှိထားခြင်း မရှိပါ။*

# မြေယာသိမ်းဆည်းမှုများ

**အသိမ်းခံလယ်မြေပေါ် ထွန်ယက်သူ လယ်သမားနှင့် တောင်သူလယ်သမား သမဂ္ဂ အဖွဲ့ဝင်တစ်ဦးတရားစွဲခံရ**

ကယားပြည်နယ် ဖရူဆိုမြို့ နယ် ဆိုလျားကူးရွာတွင် အမှတ် ၅၃၁ ခြေမြန်တပ်ရင်းမှ သိမ်းဆည်းထားသောလယ်ယာမြေများပေါ်၌ ဝင်ရောက်ထွန်ယက်ခဲ့သည့် ***တောင်သူများထဲမှ တစ်ဦးနှင့် တောင်သူလယ်သမား သမဂ္ဂအဖွဲ့ဝင်တစ်ဦးအား ပိုင်နက်ကျူးလွန်မှု ပုဒ်မ ၄၄၇ ဖြင့် တပ်ရင်းမှူးမှ တရားစွဲဆိုလိုက်ပါသည်။*** သိမ်းဆည်းခံထားရသည့် လယ်မြေများပေါ်တွင် ဝင်ရောက်စိုက်ပျိုးမည်ဆိုပါကတပ်ပိုင်မြေပေါ်တွင် လုပ်ကိုင်ခြင်းဖြစ်ကြောင်းလက်မှတ်ရေးထိုးရမည်ဟူသည့် စစ်တပ်၏ ညွှန်ကြားချက်အားကန့်ကွက်သည့်အနေဖြင့် ဒေသ ခံတောင်သူများမှ မေလ ၂၇ ရက်နေ့တွင် ဝင်ရောက်ထွန်ယက်ခဲ့ကြခြင်းဖြစ်ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန် လ ၂၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

***ဆန္ဒပြလယ်သမားများတရားစွဲဆိုခံရ***

ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်တွင် စစ်တပ်မှ သိမ်းထားသော လယ်ယာမြေများပေါ်တွင် ဝင်ရောက်ထွန်ယက်ခဲ့သည့် လယ်သမားများအရေး လိုက်ပါကူညီသူ ကိုသန်းဌေး နှင့် လယ်သမား ၁၂ ဦးအား ကျူးကျော်ဝင်ရောက်မှု၊ အကျိုးဖျက်ဆီး မှုတို့ဖြင့် ***ဇွန်လ ၂၁ ရက်နေ့တွင်*** တရားစွဲဆိုလိုက်ပါသည်။

အင်္ဂပူမြို့နယ် နွားခြံ၊ ဗွက်နှင့် လှည်းမောက် ကျေးရွာအုပ်စုသုံးစုမှ လယ်သမားများသည် ၁၉၉၄ ခုနှစ်တွင် အမှတ် ၆ စစ်ရေးလေ့ကျင့်ရေးတပ်မှ တပ်မိသားစု ဖူလုံရေးအတွက်ဟူ၍ သိမ်းဆည်းခံခဲ့ရသော လယ်မြေများ ပြန်လည်ရရှိရန် ၎င်းကဲ့သို့ ထွန်ယက်ခဲ့ကြခြင်းဖြစ်သည်။ ဇွန်လ၂၀ရက်နေ့တွင် လယ်သမား၁၀၀ကျော်သည် စစ်တပ်မှ သိမ်းယူထားသော လယ်ဧက၂၀၀ကျော်ထဲမှ ဧက၄၀ကျော်တွင် ဝင်ရောက်ထွန်ယက်ခဲ့ခြင်းဖြစ်ပါသည်။

လွန်ခဲ့သောနှစ် ၂၀၁၃ ခုနှစ်၊ဇွန်လတွင်လည်း ၎င်းလယ်ယာမြေများတွင် လယ်သမားများ ဝင်ရောက် ထွန်ယက်ခဲ့ကြသည့်အတွက် လယ်သမား၂၅ ဦး အား ကျူးကျော် ဝင်ရောက်မှုဖြင့် စစ်တပ်မှ အင်္ဂပူမြို့နယ်တရားရုံးတွင် တရားစွဲထားပါသည်။

လယ်သမားအရေး လှုပ်ရှားသူ ကိုသန်းဌေး ***အပါအဝင် တောင်သူ ၁၃*** ဦးသည် စစ်တပ်မှ ပုဒ်မ ၄၄၇ နှင့် ၄၂၇ဖြင့် တရားစွဲဆိုထားသည့်အတွက် ***ဇွန်လ ၂၁ ရက်နေ့ ရဲစခန်းတွင် ကိုယ်ပိုင်ခံဝန်နှင့် လက်မှတ်ထိုးခဲ့ရပါသည်။***
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**ဆန္ဒပြလယ်သမားများအားတရားစွဲဆို**

ရန်ကုန်မြို့ရှိယုဇနကုမ္ပဏီရှေ့တွင် ***ဆန္ဒပြခဲ့သောလယ်သမား ၁၆ဦးအား ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုလိုက်ပါသည်။*** ထိုလယ်သမားများသည် ယုဇနမှ ပီလောပီနံစိုက်ပျိုးရန် သိမ်းယူထားသောကချင်ပြည်နယ်၊ ဟူးကောင်းတောင်ကြားရှိလယ်မြေများအား ပြန်လည်ရရှိရန် ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။ ဆန္ဒထုတ်ဖော်သူများမှ အာဏာပိုင်များသို့ ဆန္ဒထုတ်ဖော်ခွင့် တောင်းခံခဲ့သော်လည်းခွင့်ပြုချက်မရရှိခဲ့ပါ။ လယ်သမားများမှ ယုဇနအား ၂၀၁၀ ခုနှစ်တွင်တရားစွဲဆိုခဲ့ရာတရားရုံးမှ မြေပိုင်ရှင်များအားလျော်ကြေးပေးရန် ချမှတ်ခဲ့သော်လည်းလယ်ပိုင်ရှင်များမှ မကြေနပ်သဖြင့် ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ခြင်းဖြစ်သည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

***ပိုင်ဆိုင်မှုအငြင်းပွားမှုအပြီး မဟာသန္တိသုခကျောင်းတိုက်အားဝင်ရောက်စီးနင်း***

တာမွေမြို့နယ်၊ ရန်ကုန်မြို့ရှိမဟာသန္တိသုခကျောင်းတိုက်နှင့်ပတ်သက်ပြီး အချိန်ကြာမြင့်သော ပိုင်ဆိုင်မှုအငြင်းပွားမှုအပြီး ***ဇွန်လ ၁၀ ရက်နေ့တွင်*** ကျောင်းတိုက်အား ဝင်ရောက်စီးနင်းခဲ့သည်။ ယခုလက်ရှိအချိန်ကာလ၌ ဂျပန်သို့သာသနာပြုရန်ရောက်ရှိနေသောထင်ရှားသည့် ပီနန်းဆရာတော်ဘုရားကြီးထံသို့ ထိုကျောင်းတိုက်အား ၁၉၉၀ ခုနှစ်လောက်တွင် လှူဒါန်းထားခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် စစ်တပ်မှ ကျောင်းတိုက်အားသိမ်းဆည်းလိုက်ပြီးတိုင်းသံဃာကော်မတီအားလွှဲပြောင်းပေးအပ်ခဲ့သည်။ အောက်တိုဘာလ ၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်သမ္မတမှ ပိုင်ဆိုင်မှုအားဆရာတော်ဘုရား ကြီးထံသို့ ပြန်လည်လွှဲပြောင်းပေးရန် အမိန့်ပေးခဲ့သည့်အချိန်မှစ၍ ကော်မတီမှ ၎င်းတို့၏ပိုင်ဆိုင်မှုအားအတည်ပြုကြေညာလိုက်သည်။မကြာသေးမီတွင် တိုင်းသံဃာကော်မတီမှ ကျောင်းတိုက်တွင် လက်ရှိသီတင်းသုံးနေသောသံဃာတော်များအားကျောင်းတိုက်မှထွက်ခွါပေးပါရန် စာတစ်စောင်ပို့ခဲ့သည်။ လက်ရှိသီတင်းသုံးနေသောသံဃာတော်များမှ ထွက်ခွာပေး ရန် ငြင်းဆိုအပြီးတွင် ကော်မတီမှ ဒေသခံအာဏာပိုင်နှင့် ရဲတပ်ဖွဲ့အား ကျောင်းတိုက်အားဝင်ရောက်စီးနင်းစေခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ဝင်ရောက်စီးနင်းမှုအပြီးတွင် ကျောင်းတိုက်ရှိဝေယျာဝစ္စလုပ်ဆောင်ပေးသော လူပုဂ္ဂိုလ် ၃၂ ဦးအားခေတ္တမျှ ထိန်းသိမ်းထားခဲ့ပြီးလုံခြုံရေးတပ်များ မှ ကျောင်းတိုက်အားစီးနင်းထားခဲ့သည်။ ထို့နောက်တွင် တာမွေမြို့နယ်တရားရုံးမှ ထိုကျောင်းမှ ဖမ်းဆီးခဲ့သည့် ဘုန်းကြီး ၅ ပါးအား သာသနာညိုးနွမ်းရေး ပုဒ်မ ၂၉၅(မ)ဖြင့် တရားစွဲဆိုထားခဲ့သည်။ ထိုဘုန်းကြီး ၅ ပါးအားအတင်းအကြပ် လူဝတ်လဲစေ စခဲ့ကာ အင်းစိန်ထောင်တွင်း၌ တရားရင်ဆိုင်ရန်အတွက် ထိန်းသိမ်းထားခဲ့သည်။ သတင်းများအရထိန်းသိမ်းခံကိုယ်တော်များအားထောင်ဝင်စာတွေ့ခွင့်မပြုခဲ့ပါ။ အကျဉ်းထောင်အတွင်း ၁၀ ရက် ထိန်းသိမ်းခံရပြီးနောက် ထိုသံဃာ ၅ ပါးအား အာမခံဖြင့် လွှတ်ပေးလိုက်ကြောင်း သိရှိရသည်။ ထိုသံဃာ ၅ ပါးသည် တရားဆက်လက် ရင်ဆိုင်နေရဆဲ ဖြစ်သည်။
*၂၀၁၄ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ဒီဗွီဘီ*
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ ဧရာဝတီ*
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

***ထားဝယ်လယ်သမားများထိန်းသိမ်းခံရ***

***ဇွန်လ ၃ ရက်နေ့တွင် ထားဝယ်ရဲများမှ*** အသိမ်းခံလယ်မြေအတွက် လျော်ကြေးယူရန်ငြင်းဆိုနေသော ***လယ်သမား ၂၈ ဦးအားဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း သိရှိရပါသည်။*** ထိုလယ်သမားများလျော်ကြေးယူရန်ငြင်းဆိုရခြင်းအကြောင်းမှာထိုငွေပမာဏ သည် မလုံလောက်ခြင်းကြောင့်ဖြစ်သည်။ သို့သော် ထိုနေ့နောက်ပိုင်းတွင် ပြန်လွှတ်ပေးလိုက်ကြောင်းသိရှိရပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်၊ မဇ္ဈိမ*

***လယ်သမား ၂၈ ဦးတရားစွဲဆိုခံရ***

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့၌ မြို့သစ် စီမံကိန်းအတွက် သိမ်းဆည်းခံရသော လယ်မြေများတွင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ မြေကွက်ဖေါ်ခြင်းနှင့် ပတ်သက်ပြီး လယ်သမားများနှင့် အုပ်ချုပ်ရေးအဖွဲ့အကြား အခြေအနေ တင်းမာခဲ့ပြီးနောက် ***ဇွန်လ ၃ ရက်နေ့တွင် လယ်သမား ၂၈ ဦးအား ထားဝယ်မြို့နယ် ရဲစခန်းမှ ဝတ္တာရားနှောက်ယှက်မှုအပါအဝင် ပုဒ်မ ၃ ခုဖြင့် တရားစွဲ ဖမ်းဆီးထားခဲ့ခြင်း ဖြစ်သည်။***

ထိုလယ်မြေများအတွက် လျော်ကြေးအနေဖြင့် ပေ ၄၀ ပေ ၆၀ မြေကွက် တစ်ကွက်စီ ဖေါ်ပေးခြင်းအား လက်မခံပဲ တောင်သူများမှ ထိုလယ်မြေများပေါ်တွင် တဲထိုးပြီး စောင့်ဆိုင်းရာမှ ဖမ်းဆီးခံရခြင်းဖြစ်သည်။ သိမ်းဆည်းထားသော လယ်မြေပေါ်တွင် တနင်္သာရီတိုင်း ဒေသကြီး ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီရုံး၊ တိုင်းဒေသကြီးဝန်ကြီး အိမ်ရာနှင့် ဝန်ထမ်း အိမ်ရာများ အပြင် ဆေးရုံ တစ်ရုံအား ဆောက်လုပ်နေသည်ဟု သိရှိရပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

ဇွန်လ ၂၃ ရက်နေ့တွင် ပြည်ထဲရေး ဂန်ကြီးဌာန ဒု -ဂန်ကြီးဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းသည် ကိုလိုနီခေတ်မှအကျဉ်းသားများ အား အဆင့်အတန်းခွဲခြားသည့်စနစ်ကို ပြ ပန်သုံးရန် အစီအစဉ်မရှိကြောင်းနှင့် အသစ်ပြင်ဆင်ရေးဆွဲထားသောဥပဒေမူကြမ်းအရအကျဉ်းသားများအားဆက်လက်၍ တန်းတူဆက်ဆံသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်တွင် ဖြေကြားသွားခဲ့ပါသည်။ ၁၈၉၄ခုနှစ် အကျဉ်းထောင်အက်ဥပဒေအရအကျဉ်းသားများအား ေ အေ၊ ဘီ၊ စီ ဟု အဆင့်သုံးခုခွဲကာအဆင့်တစ်ဆင့်စီအတွက် အထူးအခွင့်အရေးများခံစားစေခြင်းဖြစ်သည်။ ထိုဥပဒေအား ၁၉၆၄ ခုနှစ်တွင် ဦးနေဝင်းအစိုးရမှ ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။ လက်ရှိအစိုးရမှ ထိုစနစ်ဟောင်းသည် ကိုလိုနီခေတ်မှ အမွေဆိုးဖြစ်သည့်အပြင် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီကြောင်းပြောကြားခဲ့သည်။ထိုစနစ်အရသံဃာတော်များနှင့် နိုင်ငံရေးအကျဉ်းသားများသည် ဘီကလပ်စ်တွင်ပါဝင်ပြီးကျန်းမာရေးစောင့်ရှောက်ခြင်းအားခံစားခွင့်ရှိသည်။ လက်ရှိတွင် အာဏာပိုင်များသည် မဟာသန္တိသုခကျောင်းတိုက်မှ ဆရာတော် ငါးပါးအားရုံးတင်စစ်ဆေးရန် လူဝတ်လဲစေခဲ့သည်။ထိုစနစ်အဟောင်းအရသံဃာတော်များအားလူဝတ်လဲခြင်းမှ ကာကွယ်နို င်သည်။ မိမိတို့အေအေပီပီ၏ တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်မှလည်း အစိုးရ၏ ထိုစနစ်ဟောင်း ပြန်မသုံးပါဟူသောဆုံးဖြတ်ချက်အားကန့်ကွက်လိုက်သည်။ ဒီမိုကရေစီနည်းလမ်းအရအကျဉ်းသားများအားအဆင့်ခွဲသင့်ကြောင်းနှင့် ထိုကဲ့သို့မလုပ်ဆောင်ပါက နိုင်ငံရေးအကျဉ်းသားများအားရာဇဝတ်သားများနှင့်အတူဆက်ဆံခံနေရမည်ဖြစ်ကြောင်းဦးဘိုကြည်မှ ဆက်လက်ပြောကြားခဲ့သည်။

*[၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ မြန်မာတိုင်းမ်](#)*

*[၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ မဇ္ဈိမ](#)*

အေအေပီပီ၏ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် ဆက်စပ်သောဖမ်းဆီးမှုများ ဆက်လက်ဖြစ်ပျက်နေသည့်အတွက် ၂၀၁၃ ခုနှစ် နှစ်ကုန်တွင် နိုင်ငံရေးအကျဉ်းသားများ အားလုံး လွှတ်ပေးပါမည်ဟု သမ္မတဦးသိန်းစိန်မှ ကတိကဝတ်ပြုခဲ့သော်လည်း ထို ကတိမတည်ကြောင်း အေအေပီပီမှ ထောက်ပြပြောဆိုချက်ကို လွှတ်လပ်တဲ့ အာရှအသံ (အာအက်ဖ်အေ) မှ သတင်းထုတ်ပြန်ခဲ့ပါသည်။

*[၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့၊ လွတ်လပ်တဲ့ အာရှအသံ](#)*

**ဟံသာဝတီဦးဝင်းတင်အားဆုပေးအပ်ခြင်း**

တောင်ကိုရီးယားနိုင်ငံမှ နိုင်ငံရေးအကျဉ်းသားဟောင်းများဖွဲ့စည်းထားသောအမှန်တရားထွန်းကားရေးThe Truth Foundation လူ့အခွင့်အရေးအဖွဲ့မှ ကွယ်လွန်သူအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နာယကတစ်ဦးဖြစ်သောဦးဝင်းတင်အား ၂၀၁၄ ခုနှစ် လူ့အခွင့်အရေးဆုချီးမြှင့်ခဲ့ပါသည်။
*၂၀၁၄ ခုနှစ်၊ ဖွန်လ ၂၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**ယူနတီသတင်းထောက်များအားဂုဏ်ပြုနိုင်ငံသားဆုပေးအပ်ခံရ**

ဇွန်လ ၁၂ ရက်နေ့တွင် အီတလီနိုင်ငံမြောက်ပိုင်းမှ မြို့တစ်မြို့ဖြစ်သည် SalaBaganza မြို့မှ ယူနတီသတင်းထောက်များအား ၎င်းတို့၏ လူ့အခွင့်အရေးရရှိရန်နှင့် လွတ်လပ်စွာသဘောထားထုတ်ဖော်ခွင့်ရရှိရန်အတွက် ကြိုးပမ်းမှုအားဂုဏ်ပြုသည့်အနေဖြင့် ဂုဏ်ထူးဆောင် နိုင်ငံသားဆုများပေးအပ်ခဲ့သည်။ ထိုဆုသည် နိုင်ငံတကာတွင် သတင်းထောက်များ၏ သတင်းလွတ်လပ်ခွင့်ရရှိရန် ကြိုးပမ်းမှုအတွက်ပေးအပ်သောဆုတစ်ဆုအဖြစ် ထင်ရှားပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ ဒီဗွီဘီ*

**သံအမတ်များ ကျောင်းထိုင် ဆရာတော်နှင့် တွေ့ဆုံခွင့်ရခြင်း**

ဇွန်လ ၁၀ ရက်နေ့၊ ၂၀၁၄ ခုနှစ်တွင် မဟာသန္တိသုခ ဘုန်းတော်ကြီးကျောင်းအား စီးနင်းရှာဖွေ ပြီးနောက် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည့် အင်္ဂလန်နိုင်ငံသား ကျောင်းထိုင်ဆရာတော် ဦးဥတ္တရအား တွေ့ဆုံရန်အတွက် အင်္ဂလန်သံအမတ် ၂ ဦးအား မြန်မာအစိုးရမှ ခွင့်ပြုခဲ့ပါသည်။ ထိုကဲ့သို့ ဦးဥတ္တရနှင့် တွေ့ဆုံပြီးနောက် သံအမတ်များသည် ဇွန်လ ၂၀ ရက် တရားရုံးချိန်းတွင် ဦးဥတ္တရ ကိုယ်စား သက်သေထွက်ဆိုမည် ဖြစ်သည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ ဘီဘီစီ*
*၂၀၁၄ ခုနှစ်၊ ဇွန်လ၁၈ ရက်၊ အလဲဗန်း*
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**NLD အပေါ် ခြိမ်းခြောက်မှုရပ်ဖို့ အစိုးရကိုHRW ပြောကြား**

ဒေါ်အောင်ဆန်းစုကြည်မှ မေလ ၁၈ ရက်နေ့ မန္တလေးတွင် ပြောကြားခဲ့သော စကားတချို့ကို ကော်မရှင်မှ သတိပေးခဲ့ ခြင်းနှင့်စပ်လျဉ်းပြီး ရွေးကောက်ပွဲကော်မရှင်အနေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် ခြိမ်းခြောက်နေမ ့များကို အမြန်ဆုံးရပ်တန့်ရန် HRW လူ့အခွင့်ရေးစောင့်ကြည့်ရေးအဖွဲ့မှ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ ရက်စွဲနှင့် ကြေညာချက်ထုတ်ပြန်လိုက်ပါသည်။ ထို့အပြင် နိုင်ငံရေးပါတီများ၏ မဲဆွယ်ပွဲများကိုကန့်သတ်ချုပ်ချယ်ခြင်းမပြုပဲ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် ပြ မန်မာနိုင်ငံသမ္မတဦးသိန်းစိန်အနေနှင့် ဆောင်ရွက်ပါဟုလည်းနယူးယောက်အခြေစိုက် HRW အဖွဲ့ကပြောပါသည်။
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့၊ လွတ်လပ်တဲ့ အာရှအသံ*

# နိဂုံးချုပ်နှင့် သုံးသပ်ချက်

မြန်မာနိုင်ငံတွင် အာဏာပိုင်များမှ နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေများကို တိုးတက်ရန် လုပ်ဆောင်မှုများ ရှိသော်လည်း ပြုပြင်မှုအများစုမှာ သိသာထင်ရှားစွာ အရေးပါ အရာရောက်မှုမရှိပါ။ ***ဇွန်လ ၁ ရက်နေ့တွင် လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီမှ နိုင်ငံရေးအကျဉ်းသား ၆၇*** ဦးကျန်ရှိနေသေးသည်ဟု လက်ခံခဲ့သည်။ ကော်မတီမှ ထိုနိုင်ငံရေးအကျဉ်းသား ၆၇ ဦး၏ စာရင်းအား အကျဉ်းဦးစီးဌာန နှင့် သမ္မတရုံး သို့ ပေးအပ်ခဲ့ကာ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် တောင်းဆိုခဲ့သည်။ သို့ရာတွင် ထိုစာရင်းထဲမှ အကျဉ်းသားအချို့မှာ အစိုးရမှ လက်ရှိအသုံးပြုနေသော ဥပဒေပုဒ်မများဖြစ်သည့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ)တို့ဖြင့် လတ်တလော ဖမ်းဆီးခံထားရသူများဖြစ်သည်။ အစိုးရအာဏာပိုင်တို့မှ ၎င်းတို့၏ဥပဒေများ မပြုပြင်သရွေ့နှင့် ထိုဥပဒေကျင့်သုံးမှုများကို မပြောင်းလဲသေးသ၍ တက်ကြွလှုပ်ရှားသူတို့၏ အခွင့်အရေး မှာ ခြိမ်းခြောက် ခံနေရဦးမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သမ္မတသည် ကော်မတီမှ တင်ပြထားသော နိုင်ငံရေးအကျဉ်းသား ၆၇ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးစေကာမူ မြန်မာ နိုင်ငံတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးနေမှု လုံးဝရပ်တန့်သွားရေးမှာ မျှော်လင့်ချက်ကင်းမဲ့နေ ပါသေးသည်။

အပေါင်းလက္ခဏာ ဆောင်သောဥပဒေပြုပြင် ပြောင်းလဲမှု တစ်ခုကို အစိုးရမှ လက်တလော လုပ်ဆောင်ခဲ့သည့်တိုင် အရေးပါအရာရောက်သော တိုးတက်ပြောင်းလဲမှုတစ်ရပ် ဖြစ်မလာခဲ့ပါ။ ဆန့်ကျင်ဆန္ဒပြပွဲများနှင့် နိုင်ငံရေးလှုပ်ရှားသူများအား တစ်ခဲနက်ထောက်ခံမှုကြောင့် နိုင်ငံရေးလှုပ်ရှားသူများအား ဖမ်းဆီးရာတွင် အသုံးပြုလေ့ရှိသည့် အငြင်းပွားဖွယ်ရာ ဥပဒေပုဒ်မတစ်ခုအားယခုလတွင် အစိုးရမှ ပစ်မှတ်ထားပြောင်းလဲခဲ့သည်။ လွှတ်တော်တွင်းတွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကိုပြင်ဆင်ပြဌာန်းသည့်ဥပဒေအား အောင်မြင်စွာ ပြဌာန်းနိုင်ခဲ့သော်လည်း ပြုပြင်ပြောင်းလဲမှုများမှ နိုင်ငံရေးအကျဉ်းကျခံရမှု အရေအတွက်အား သိသာထင်ရှားစွာ ပြောင်းလဲစေမှုမရှိသည့်အပြင် ထို ဥပဒေအပြောင်းအလဲများကြောင့် ရေရှည်တွင် နိုင်ငံရေးအကျဉ်းသား အရေအတွက်သည် ပို၍တိုးလာရန်ပင် ရှိနေပါသေးသည်။

လက်တစ်လော ပြင်ဆင်လိုက်သည့် ထိုဥပဒေပြင်ဆင်ချက်တွင် မူလဥပဒေမှ "ခွင့်ပြုမိန့်" ဆိုသည့်စကားလုံးအား "ခွင့်ပြုချက်" ဟူသည့် စကားလုံးဖြင့်ပြောင်းလဲလိုက်သော်လည်း တက်ကြွလှုပ်ရှားသူများမှာမူ နိုင်ငံရေးနှင့်သက်ဆိုင်သော စကားများ၊ မိန့်ခွန်းများ မပြောကြားခင်အချိန်တွင် ဒေသခံအာဏာပိုင်များထံမှ လုပ်ပိုင်ခွင့် တောင်းခံရမည်သာ ဖြစ်သည်။ "ခွင့်ပြုမိန့်" လိုအပ်ခြင်း နှင့် "ခွင့်ပြုချက်" လိုအပ်ခြင်း စကားလုံး ၂ လုံး၏ အဓိပ္ပါယ်ကွာခြားချက်မှာမူ ရှင်းရှင်းလင်းလင်းသိရှိရန် ခက်ခဲလှပေသည်။ သို့ပါ၍ ထိုဥပဒေ ပြင်ဆင်ပြောင်းလဲမှုမှာ သိသာထင်ရှားသော ပြောင်းလဲမှုတစ်ရပ် မဟုတ်ခဲ့ပါ။ အဓိပ္ပါယ်ဆင်တူသော စကားလုံးနှစ်ရပ်အားအစားထိုးပြင်ဆင်ခြင်းသာဖြစ်သည်။ ထိုဥပဒေပြင်ဆင်ချက်တွင် မူလဥပဒေ၌ပါရှိသော "ငြင်းပယ်ခြင်း" နှင့်သက်ဆိုင်သော အခန်းအားလုံးအားလည်း ပယ်ဖျက်သည်ဟု ဆိုပြန် သည်။ ထိုပြောင်းလဲချက်အရ ဆန္ဒထုတ်ဖော်ရန် လျှောက်ထားသူများသည် ၎င်းတို့၏လျှောက်ထားချက်အတွက် အာဏာပိုင်များမှ ခွင့်ပြုရန် ငြင်းဆန်ချက် သတိပေးစာအား ယခင်ကကဲ့သို့ ရရှိတော့မည်မဟုတ်ပါ။ ယခုအခါတွင် ဆန္ဒထုတ်ဖော်သူများသည် ၎င်းတို့၏ ဆန္ဒထုတ်ဖော်ရန် လျှောက်ထားချက်သည် ဥပဒေအရ ငြင်းပယ်ခံရသည်၊ မခံရသည်ကို မသိရှိရဘဲ ဆန္ဒထုတ်ဖော်မှုအား လုပ်ဆောင်ရတော့မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဆန္ဒထုတ်ဖော်မှုများတွင် ပါဝင်ခဲ့ကာ သူတို့၏နိုင်ငံရေးလှုပ်ရှားမှုသည် တရားမဝင်ဖြစ်နေသည်ကိုပင် မသိရှိသည့်အတွက် ဖမ်းဆီးခံရမည့်တိုးမြင့်လာသော နိုင်ငံရေးအကျဉ်းသား အရေအတွက်အပါအဝင် ထိုပြောင်းလဲမှုသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးလွတ်လပ်ခွင့်အတွက် အနှောင့်အယှက်တစ်ခုအဖြစ်တိုးလာနိုင်ဖွယ်ရှိသည်။

ထိုပြောင်းလဲချက်တွင် အပြုသဘောဆောင် ဖြစ်နိုင်ချေရှိသည့် ပြင်ဆင်ချက်တစ်ခုမှာ ထိုဥပဒေဖြင့် အများဆုံးချမှတ်နိုင်သည့် ထောင်ဒဏ်များအား ထက်ဝက် လျှော့ချလိုက်ခြင်းပင်ဖြစ်သည်။ ထိုသို့ထောင်ဒဏ်များ လျှော့ချလိုက်သဖြင့် ထို ပုဒ်မဖြင့် အပြစ်ပေးခံရသူများအား ပြစ်ဒဏ်သက်သာစေမည် ဖြစ်သော်လည်း ထိုပုဒ်မဖြင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးအရေးယူခြင်းမှာမူ ရပ်တန့်သွားမည်မဟုတ်ပေ။

မြန်မာနိုင်ငံအတွင်း၌နိုင်ငံရေးလွတ်လပ်ခွင့် ပိုမိုတိုးတက်ကောင်းမွန်စေရန် ပြည်သူလူထုနှင့် နိုင်ငံ တကာ အသိုင်းအဝိုင်းတို့၏ တိုက်တွန်းမှုသည်မြန်မာအစိုးရမှ ၎င်းကဲ့သို့ အချို့ဥပဒေများအား ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာရန် သေချာသော တွန်းအားပင်ဖြစ်သည်။

သို့ရာတွင် အစိုးရမှ ထိုကဲ့သို့တွန်းအားများကြောင့် အပြောင်းအလဲများလုပ်ရာတွင် ပြည်သူလူထုလိုလားသည့် ရေရှည်ခိုင်မြဲသော အပြောင်းအလဲအဖြစ်မဟုတ်ပဲ ရေတိုအချိန်ကာလတစ်ခု အတွက်သာ ပြောင်းလည်းပုံရပါသည်ဟု ရှုမြင်မိသည်။

Chronology

# အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

ဇွန်လ ၃၀ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ မြန်မာတိုင်းမ်

ဇွန်လ ၂၉ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ ဒီဗွီဘီ

ဇွန်လ ၂၈ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

ဇွန်လ ၂၇ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဒီဗွီဘီ

ဇွန်လ ၂၅ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ ပြည်ထောင်စုလွှတ်တော်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ ဧရာဝတီ
၂၀၁၄ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ မြန်မာတိုင်း(မ်)
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ ဒီဗွီဘီ

ဇွန်လ ၂၄ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ အလဲဗန်း
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ မဇ္ဈိမ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ မဇ္ဈိမ

ဇွန်လ ၂၃ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

ဇွန်လ ၂၂ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

ဇွန်လ ၁၉ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ လွတ်လပ်တဲ့အာရှအသံ

ဇွန်လ ၁၈ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ ဘီဘီစီ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ မဇ္ဈိမ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ အလဲဗန်း
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

ဇွန်လ ၁၇ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ ဘီဘီစီ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ လွတ်လပ်တဲ့အာရှအသံ

ဇွန်လ ၁၆ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ဧရာဝတီ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

ဇွန်လ ၁၄ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ Kachin news

ဇွန်လ ၁၃ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ ဧရာဝတီ

ဇွန်လ ၁၂ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ ဧရာဝတီ

ဇွန်လ ၁၁ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ဧရာဝတီ

ဇွန်လ ၁၀ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ ဘီဘီစီ

ဇွန်လ ၉ ရက်
၂၀၁၄ ခုနှစ်၊ ဇွန်လ ၉ ရက်၊ ဒီဗွီဘီ

ဇွန်လ ၈ ရက်

*၂၀၁၄ ခုနှစ်၊ ဇွန်လ ၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

ဇွန်လ ၇ ရက်

*၂၀၁၄ ခုနှစ်၊ ဇွန်လ ၇ ရက်၊ ဒီဗွီဘီ*
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၇ ရက်၊ ဒီဗွီဘီ*

ဇွန်လ ၆ ရက်

*၂၀၁၄ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဒီဗွီဘီ*

ဇွန်လ ၄ ရက်

*၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်၊ မဇ္ဈိမ*

ဇွန်လ ၂ ရက်

*၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဒီဗွီဘီ*

ဇွန်လ ၁ ရက်

*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

ဆက်သွယ်မေးမြန်းရန်
ကိုတိတ်နိုင်　အတွင်းရေးမှူး　(+၉၅) ၉၄၂၈၀ ၂၃၈၂၈
ကိုဘိုကြည်　တွဲဘက်အတွင်းရေးမှူး　(+၆၆) ၈၁ ၉၆၂၈ ၇၁၃